ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

E-mail: dgdma@myanmar.com.mm , dma.myan@gmail.com    Tel : 95 1 397640
PO.Box: 194    Fax: 95 1 397641

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ( ၂၈ )ရက်

# ညွှန်ကြားချက် ( ၅/၂၀၁၃ )

အကြောင်းအရာ။ **သင်္ဘောသား စုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသော သင်္ဘောသားကိုယ်စားလှယ်လုပ်ငန်းများက နိုင်ငံတော်သို့ ပေးသွင်းသည့် ဝန်ဆောင်မှုငွေကို နိုင်ငံခြားငွေမှ မြန်မာကျပ်ငွေသို့ ပြောင်းလဲပေးသွင်းရန်ကိစ္စ**

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၃) ဖြင့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်း ဆိုင်ရာ ဝန်ဆောင်မှု ဆောင်ရွက်ပေးသော သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်အား ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါညွှန်ကြားချက် စာမျက်နှာ (၇)၊ စာပိုဒ် (၁၀)၊ စာပိုဒ်ခွဲ (ည) အရ "သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်းသည် ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သင်္ဘောသားများအား စုဆောင်း၍ မိမိနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သင်္ဘောပိုင်ရှင်များ၏ သင်္ဘောများသို့ စေလွှတ်တာဝန် ထမ်းဆောင်စေခြင်းကိစ္စများ ဆောင်ရွက်ရာတွင် ဦးစီးဌာနက ဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှု အပေါ် သက်ဆိုင်ရာ သင်္ဘောသားတာဝန်ထမ်းဆောင်သည့် ကာလအတွက် တစ်လလျှင် ငွေကျပ် ၅၀၀၀/- နှုန်းဖြင့် ဦးစီးဌာနမှတဆင့် နိုင်ငံတော်သို့ ပေးသွင်းရမည်" ဟု ဖော်ပြပါရှိပါသည်။

၃။ သင်္ဘောသားများ စုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်း (Seafarer Recruitment and Placement) တို့အတွက်ဝန်ဆောင်မှုကိုယ်စားလှယ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများ အနေဖြင့် USD 4 $ နှုန်းမှ ငွေကျပ် ၅၀၀၀/- နှုန်းသို့ ပေးဆောင်နိုင်ရန်အတွက် မူလဒေသခံ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်စဉ်က လုပ်ငန်းဆောင်ရွက်သော နိုင်ငံခြားသင်္ဘောပိုင်ရှင်ကုမ္ပဏီ များနှင့် ညှိနှိုင်းရန်အချိန်လိုအပ်သဖြင့် လိုင်စင်ရရှိသည့်နေ့မှစ၍ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်

နေ့အထိ တစ်လလျှင် USD 4$ နှုန်းဖြင့်သာ ပေးသွင်းသွားရန်နှင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ တစ်လလျှင် ငွေကျပ် ၅၀၀၀ိ/- နှုန်းဖြင့် နိုင်ငံတော်သို့ ပေးသွင်းသွားရန်ဖြစ်ကြောင်း အသိပေးညွှန်ကြားသည်။

(ပုံ)မောင်မောင်ဦး

ညွှန်ကြားရေးမှူးချုပ်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန